## မြင်းခွာ

Scientific name - *Centella asiatica* (L.) Urb

Common name - Asiatic pennywart

Family - Apiaceae

  

အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်ဖြစ်၍ မြေပေါ်၌တွားသွားပြီး ပြန့်ကျဲစွာပေါက်သည်။ အဆစ်များမှ အမြစ်ထွက်သည်။ ပင်စည်သည် ၂၀ စင်တီမီတာ ရှည်သည်။ ပင်စည်သည်တိမ်သောမြောင်းပါသည်။ တစ်ခါတစ်ရံ ခရမ်းရောင်ရှိသည်။ အရွက်သည်ဝိုင်း၍ နှလုံးပုံရှိသည်။ ရွက်နားတစ်လျှောက်တွင် အသွားဝိုင်းများ ပါရှိသည်။ အရွက်သည် တစ်ရွက်ချင်းသို့မဟုတ် ၅ခုထိအစုလိုက် တွေ့ရသည်။ ပန်းခိုင်သည် ကြားထွက်ရင်းတူထိပ်ညီဖြစ်ပြီး အပွင့် ၂ - ၈ ပွင့် ပါရှိသည်။ ပန်းခိုင်ရိုးတံသည်ရှည်၍ ပန်းပွင့်သည် ဘဲဥပုံသဏ္ဍာန်ရှိပြီး သေးငယ်သည်။ အစိမ်းရောင်သန်းသော အဖြူရောင်သို့မဟုတ် အနီဖျော့ရောင် ရှိသည်။ အသီးသည် လုံးဝိုင်းပုံ သို့မဟုတ် ဘဲဥပုံသဏ္ဍာန်ရှိသည်။ ရင့်မှည့်သောအခါ အညိုရောင် ဖြစ်သည်။ မြေလျှောက်ပင်စည်နှင့် အစေ့များမှ မျိုးပွားသည်။